**KHRG ကရင်လူ့အခွင့်အရေးအဖွဲ့**

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဇန်နဝါရီလ ၂၂ ရက်, ၂၀၂၆ ခုနှစ် /KHRG စာအမှတ်- 25-88-I1

# မြိတ်-ထားဝယ်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ- လယ်ကဆောမြို့နယ်အတွင်း SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးနှစ်ဦးဒဏ်ရာရရှိခြင်း (၂၀၂၅ ခုနှစ်၊ မတ်လ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၅ ခုနှစ်၊ မတ်လတွင် မြိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၌ ဖြစ်ပွားခဲ့သည့်အဖြစ်ပျက်ကို ဖော်ပြထားပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ၏လေယာဉ်မှ လယ်ကဆောမြို့နယ်၊ မန်းရိုဒေသ၌ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုအတွင်း ဗုံးနှစ်လုံးကျရောက်ခဲ့ပြီး တစ်လုံးသည် ကစ--- ကျေးရွာအနီးသို့ကျရောက်ခဲ့ပြီး အခြားတစ်လုံးသည် တရ--- ကျေးရွာသို့ ကျရောက်ခဲ့ပါသည်။ ရွာသားများထွက်ပြေးနေကြသည့်အချိန်တွင် လေယာဉ်ပေါ်မှ စက်သေနတ်များဖြင့် တရ--- ကျေးရွာသို့ပစ်ခဲ့ပါသည်။ ဤကဲ့သို့လေကြောင်းမှ စက်သေနတ်ပစ်ခတ်ခဲ့သဖြင့် ညီအမနှစ်ဦးထိခိုက်ဒဏ်ရာရရှိသွားခဲ့ပြီး ၎င်းတို့သည် အသက် ၁၇ နှစ်အရွယ်ရှိမိန်ကလေးတစ်ဦးနှင့် အသက် ၅ နှစ်အရွယ်ရှိ မိန်ကလေးတို့ဖြစ်ကြပါသည်။ ၎င်းတို့ဒဏ်ရာရရှိသွားပြီးနောက် ၎င်းတို့အနီးအနားရှိ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW) လှည့်ပတ်နေသော ဆေးရုံတစ်လုံးသို့ပို့ဆောင်ပေးခဲ့ကြပါသည်။ ဤလေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများ၏ ကွမ်းခြံများပျက်စီးသွားခဲ့ပြီး ရွာသားများသည်လည်း ၎င်းတို့၏ကျေးရွာထဲတွင် ဆက်လက်၍နေထိုင်ရန်ကြောက်ရွံ့နေခဲ့ကြရပါသည်။ ထို့ကြောင့် ၎င်းတို့သည် ကျေးရွာနှင့်ဝေးရာ၌ရှိသော စိုက်ပျိုးခြံထဲသို့ထွက်ပြေးခဲ့ကြပါသည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်အချိန်တွင် စစ်သားများသည် ရွာထဲတွင်လှုပ်ရှားမှုမရှိခြင်းနှင့် မည်သည့်တိုက်ပွဲများမှ ဖြစ်ပွားခြင်းမရှိသဖြင့် ရွာသားများမှ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားမည်ဟု မထင်မှတ်ခဲ့ကြပါ။ လေကြောင်းတိုက်ခိုက်မှုသည် ရှေ့တန်းနေရာများဖြစ်သော မြိတ်-ထားဝယ်ခရိုင်၊ တနော့သရီ (တနသ်ာရီ) မြို့နယ်၊ ထီးဝါးဒေသ ပဇ---- ကျေးရွာတွင်သာဖြစ်ပွားခဲ့ပြီး တရ--- ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းမရှိခဲ့ပါ။* [1]

[1] ဤအစီရင်ခံစာသည် ၂၀၂၅ ခုနှစ်၊ မတ်လ တွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော မြိတ်-ထားဝယ်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

# အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | [လေကြောင်းတိုက်ခိုက်မှု] နိုင်ငံတော်စီမံအုပ်ချုပ်ရေး (SAC) ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားနှစ်ဦး ဒဏ်ရာရရှိခြင်း |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ခရိုင်၊ မြို့နယ်၊ ကျေးရွာ အုပ်စု၊ ကျေးရွာ)** | မြိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ မနိုးရိုဒေသ၊ တရ--- ကျေးရွာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | |
|---|---|---|
| **အမည်** | မအ--- | မဆ--- |
| **အသက်** | ၁၇ နှစ် | ၅ နှစ် |
| **ကျား/မ** | မိန်းကလေး | မိန်းကလေး |
| **လူမျိုး** | ဗမာ | ဗမာ |
| **အိမ်ထောင် ရှိ/မရှိ** | - | - |
| **အလုပ်အကိုင်** | - | - |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | (ရွာသား) | (ရွာသား) |
| **နေရပ် ရွာအမည်** | မြိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ မနိုးရိုဒေသ၊ တရ--- ကျေးရွာ | မြိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ မနိုးရိုဒေသ၊ တရ--- ကျေးရွာ |

| **ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | |
|---|---|---|---|
| **လေယာဉ်အမျိုးအစား** | **ပင်မတပ်** | **အခြေစိုက်သည့်နေရာဒေသ** | **အထက်အရာရှိအမည်** |
| Y-12 | ဗမာ (SAC) လေတပ် | မြိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ ထီးမိုပွာဒေသ၊ မြိတ်မြို့ | [ဗိုလ်ချုပ်ကြီးထွန်းအောင်သည် မြန်မာ့တပ်မတော်(လေတပ်)၏ ကာကွယ်ရေးဦးစီးချုပ်အဖြစ်တာဝန်ထမ်းဆောင်နေပါသည်။] |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
| --- |
| KHRG ၏သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ မှတ်တမ်းပြုစုရန် အခင်းဖြစ်ပွားသောနေရာသို့သွားခဲ့ပါသည်။ ထို့နောက် လယ်ကဆောမြို့နယ်၊ မနီးရိုဒေသ၊ သစျ--- ကျေးရွာရှိ (ကရင်အမျိုးသားအစည်းအရုံး) ဒေသခံအာဏာပိုင်တစ်ဦးဖြစ်သော စောသ--- နှင့်တွေ့ဆုံခဲ့ပြီး ထိုဒေသတွင်ဖြစ်ပွားခဲ့သော မှုခင်းအကြောင်းအရာအားမေးမြန်းခဲ့ပါသည်။ [KHRG ၏ သတင်းမှတ်တမ်းပြုစုသူမှ လေယာဉ်အမျိုးအစားအားအတည်ပြုပေးခဲ့သည့် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တစ်ခုရှိ စစ်သားတစ်ဦးနှင့် အလွတ်တန်းဖြစ်ပျက်မှုအကြောင်းအရာကိုလည်း ဆွေးနွေးခဲ့ကြပါသည်။] |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
| --- |
| ဖြစ်ပျက်မှုအားမြင်တွေ့ခဲ့သော ဒေသခံခေါင်းဆောင်မှ သတင်းအချက်အလက်များကိုပေးခဲ့သဖြင့် ဤသတင်းအချက်အလက်သည့် မှန်ကန်မှုရှိပါသည်။ [မှုခင်းဖြစ်ပွားသည့်အချိန်တွင် ဒေသခံအာဏာပိုင်ဖြစ်သူ စောသ--- သည် တရ--- ကျေးရွာတွင်ရှိနေခဲ့ပါသည်။] |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
| --- |
| ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ ညနေ ၃း၄၇ မိနစ်အချိန်တွင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)** ၏လေယာဉ် တစ်စီးမှ ကျေးရွာထဲတွင် ဤမည်သည့်တိုက်ပွဲများဖြစ်ပွားခြင်းမရှိပဲ မြိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ မနီးရိုဒေသ၊တရ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ အဆိုပါလေယာဉ်မှ ဗုံးနှစ်လုံးကြဲချခဲ့ပြီးနောက် (SAC) မှ လေယာဉ်ပေါ်မှ စက်သေနတ်ဖြင့် ပစ်ခတ်မှုပြုလုပ်ခဲ့ပါသည်။ ကြဲချလိုက်သည့် ပထမဗုံးသည် ကစ--- ကျေးရွာ အနီးသို့ကျရောက်ခဲ့ပြီး ဒဏ်ရရသေဆုံးခြင်း သို့မဟုတ် ပစ္စည်းဥစ္စာများပျက်စီးခြင်းမရှိခဲ့ပါ။ ကြဲချလိုက်သည့် ဒုတိယဗုံးသည်တရ--- ကျေးရွာ၌ ကျရောက်ခဲ့ပါသည်။<br><br>(SAC) ၏လေယာဉ်မှကြဲချလိုက်သည့် ပထမဗုံးသည် မနီးရိုဒေသရှိ တရ--- နှင့်စန--- ကျေးရွာတို့ကြားတွင်တည်ရှိသော ကစ--- ကျေးရွာ၏အနီးသို့ ကျရောက်ခဲ့ပါသည်။ ကစ--- ကျေးရွာသည် (SAC) စစ်သားများမှ ကင်းလှည့်လည်ချိန် သို့မဟုတ် စစ်ရေးလှုပ်ရှားမှုများအား ကျေးရွာမှတဆင့်ပြုလုပ်သည့်အချိန်တိုင်း **KNLA [ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်]** ၏ခြုံခိုတိုက်ခိုက်ခြင်းကိုခံရသော နေရာတစ်ခုဖြစ်ပါသည်။ ကစ--- ကျေးရွာသည် တရ--- ကျေးရွာမှခြေလျင်ဖြင့် ၁၀ မိနစ်ကြာသွားရသည်အကွာအဝေးတွင် တည်ရှိပါသည်။ (SAC) မှ ကြဲချလိုက်သည့် ဒုတိယဗုံးသည် တရ--- ကျေးရွာတွင်တည်ရှိသည့် SAC ၏ စီမံခန့်ခွဲအုပ်ချုပ်သော တရ--- ဆေးခန်းဟောင်းနောက်သို့ ကျရောက်ခဲ့ပါသည်။ လက်ရှိ အဆိုပါဆေးခန်းတွင် မည်သည့်ကျန်းမာရေးဝန်ထမ်းမှ မရှိပါ။ SAC ခန့်အပ်ထားသည့် ကျန်းမာရေးဝန်ထမ်းများသည် ၎င်းတို့၏လုံခြုံရေးအတွက် စိုးရိမ်ကြသောကြောင့် ကျေးရွာတွင်မနေရဲကြတော့သဖြင့် ၂၀၂၁ ခုနှစ်၊ စစ်တပ် |

အာဏာသိမ်းပြီးနောက် အဆိုပါဆေးခန်းအား ပိတ်ထားခဲ့ကြပါသည်။

ရွာသားများသည် (ကစ--- ကျေးရွာအနီးသို့) ဗုံးကျရောက်ပေါက်ကွဲသံများ ကြားသည့်အချိန်တွင် ကြောက်ရွံ့ထိတ်လန့်နေခဲ့ကြကာ ထွက်ပြေးခဲ့ကြပါသည်။ ကစ--- ကျေးရွာ၊ စန--- ကျေးရွာနှင့် တရ--- ကျေးရွာရှိရွာသားများ စတင်ထွက်ပြေးပြီးမကြာမီအချိန်တွင် (SAC) သည် လေယာဉ်ပေါ်မှ စက်သေနတ်ဖြင့် တရ--- ကျေးရွာသို့ ပစ်ခတ်ခဲ့ပါသည်။ (ထွက်ပြေးတိမ်းရှောင်နေသည့် ရွာသားများနှင့် ဘေးပတ်ဝန်းကျင်တို့အား ပစ်မှတ်ထားပုံရသည်။) ထို့ကြောင့် ညီအစ်မနှစ်ဦးဖြစ်သည့် အသက် ၁၇ နှစ်အရွယ်ရှိ မက--- နှင့် အသက် ၅ နှစ်အရွယ်ရှိ မဆ--- တို့မှ စက်သေနတ်၏ ကျည်ဖြင့်ထိမှန်ခဲ့ကြပါသည်။ မက--- သည် ၎င်း၏တင်တွင်ဒဏ်ရာရရှိခဲ့ပြီး မဆ--- သည် ၎င်း၏ခြေထောက်တို့တွင် ဒဏ်ရာရရှိခဲ့ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုပြုလုပ်သည့်အချိန်တွင် ဒဏ်ရာရရှိသွားခဲ့သည့်ရွာသားနှစ်ဦးသည် ၎င်းတို့၏ညနေစာအတွက် အပြင်ထွက်ဝယ်ခဲ့ကြပါသည်။

လေကြောင်းတိုက်ခိုက်မှုပြီးသည့်နောက် အဆိုပါရွာသားနှစ်ဦးကို ကုသမှုခံယူရန် ဘဆ--- ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြပါသည်။ [အဘယ်ကြောင့်ဆိုသော် ကျေးရွာထဲတွင် ဆေးခန်းလုံးဝမရှိတော့ပါ။] ဘုန်းကြီးတစ်ပါးမှ ၎င်းတို့အား ဆေးရုံးသို့ ကားဖြင့်ပို့ဆောင်ပေးခဲ့ပါသည်။ ၎င်းတို့၏မိဘများသည်လည်း ၎င်းတို့အားဆေးရုံသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြပါသည်။ ဘဆ--- ဆေးရုံသည် မြိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ ကယ်ချောင်းဒေသတွင်ရှိသော တောင်တန်းတစ်ခုတွင်တည်ရှိပါသည်။ ဆိုင်ကယ်ဖြင့်သွားမည်ဆိုပါက ထိုနေရာသည် တရ--- ကျေးရွာနှင့် ၃၀ မိနစ်ကြာသွားရပြီး **KDHW [ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန]** မှ စီမံခန့်ခွဲအုပ်ချုပ်နေပါသည်။ အဆိုပါဆေးရုံသည် ဆေးဝါး သို့မဟုတ် ကုသမှုကုန်ကျစရိတ်တို့အား မကောက်ခံကြပါ။ [၎င်းတို့၏ဒဏ်ရာများသည့် မပြင်းထန်သဖြင့် ကုသမှုသခံယူရန်လိုအပ်ပြီး ဆေးရုံတက်ရန်မလိုအပ်ခဲ့ပါ။ ၎င်းတို့သည် ပြန်လည်သက်သာလာပြီးဖြစ်ပါသည်။]

ထို့အပြင်၊ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများပိုင်ဆိုင်သည့် ကွမ်းခြံများပျက်စီးသွားခဲ့ပါသည်။ လက်ရှိတွင် (၂၀၂၅ ခုနှစ်၊ မတ်လတွင်) ရွာသားများအနေဖြင့် (လေကြောင်းတိုက်ခိုက်မှုထပ်မံဖြစ်ပွားမည်ကို ကြောက်ရွံ့ကြသောကြောင့်) ၎င်းတို့၏ကျေးရွာထဲတွင် မနေရဲကြတော့ပါ။ ထို့ကြောင့်၊ ၎င်းတို့သည် ပစ္စည်းဥစ္စာများကိုထုတ်ပိုးပြီး ၎င်းတို့၏စိုက်ပျိုးခြံများထဲသို့ ထွက်ပြေးခဲ့ကြပါသည်။

ထိုနေ့တွင် ကျေးရွာထဲ၌ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုအပေါ် ရွာသားများသည် မည်သည့်အထူးလုံခြုံရေးကြိုတင်ကာကွယ်မှုများ မပြုလုပ်ခဲ့ကြပါ။ ဒေသခံ KNU ခေါင်းဆောင်တစ်ဦး (လုံခြုံရေးအတွက် ရာထူးအား ဆင်ဆာဖြတ်ထားပါသည်) ဖြစ်သော စောသ--- မှ *"ကျွန်တော်တို့တွေ ဒီလို (လေကြောင်းတိုက်ခိုက်မှု) ဖြစ်လာလိမ့်မယ်လို့မထင်ခဲ့ဘူး။ လေယာဉ်လာတဲ့အချိန်မှာ ကျွန်တော်တို့ လေယာဉ်သံကိုကြားရတယ်။ ဒါပေမဲ့ လေယာဉ်က (တနောသရီမြို့နယ်၊ ထီးဝါးဒေသ) ပဇ--- ကျေးရွာဖြစ်တဲ့ တိုက်ပွဲဖြစ်ပွားတဲ့နေရာတွေမှာ လေကြောင်းတိုက်ခိုက်မှုလုပ်ဖို့ နေ့တိုင်းကျွန်တော်တို့ရဲ့ရွာပေါ်ကနေ ဖြတ်တယ်။ လေယာဉ်က ကျွန်တော်တို့ရဲ့ရွာထဲမှာ လေကြောင်းတိုက်ခိုက်မှု ဘယ်တော့မှ မလုပ်ခဲ့ဘူး။ တိုက်ပွဲတွေက ပဇ--- ရွာထဲမှာ နေ့တိုင်းဖြစ်တယ်၊ (ဒါပေမဲ့ တရ--- ကျေးရွာမှာတော့ ဘယ်တော့မှမဖြစ်ခဲ့ဘူး)။ ဒါကြောင့် လေကြောင်းတိုက်ခိုက်မှု ကျွန်တော်တို့ရွာမှ မဖြစ်ဘူးလို့ ထင်ခဲ့ကြတယ်။ နောက်ပြီးတော့ လေယာဉ် (လေကြောင်းတိုက်ခိုက်မှုလုပ်တဲ့လေယာဉ်) ကအဖြူရောင်ဆိုတော့ ကျွန်တော်တို့က ခရီးသည်တင်လေယာဉ်လိုပဲ ထင်ခဲ့ကြ*

*တာပေါ့။"* [လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ရှိ စစ်သားတစ်ဦးမှ အဆိုပါလေယာဉ်သည် Y-12 ဖြစ်ကြောင်း KHRG ၏သတင်းမှတ်တမ်းပြုစုသူထံသို့ အသိပေးခဲ့ပါသည်။ တိုက်ခိုက်မှုဖြစ်ပွားသည့်အချိန်တွင် ၎င်းမှ အရပ်ဝတ်ဖြင့် တရ--- ကျေးရွာတွင် အစားအစာဝယ်နေခဲ့ပါသည်။]

အဆိုပါ ဒေသခံခေါင်းဆောင် စောသ--- မှ ကျေးရွာတွင် မည်သည့်လက်နက်ကိုင်မှ (လှုပ်ရှားမှု) မရှိကြောင်း KHRG ၏ သတင်းမှတ်တမ်းပြုစုသူထံသို့ ပြောပြခဲ့ပါသည်။ ထို့ကြောင့် ထိုတွင်ရှိသောရွာသားများသည် ၎င်းတို့၏အလုပ်များကို ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ (လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်နေ့တွင်) ရွာသားများသည် ပုံမှန်နေ့ကဲ့သို့သာ ၎င်းတို့အလုပ်သွားလုပ်ခဲ့ကြပါသည်။ ဒေသခံလက်နက်ကိုင်တပ်ဖွဲ့များသည် (တစ်ခါတစ်ရံ) တရ--- ကျေးရွာသို့ အစားအစာလာရောက်ဝယ်ယူကြပါသည်။ ထို့အပြင်၊ ၎င်းတို့ (KNLA) မှ မြိတ်-ထားဝယ်ခရိုင်၊ တနော်သရီ (တနင်္သာရီမြို့နယ်)၊ ထီးဝါးဒေသ၊ ပဇ--- ကျေးရွာသို့ ရှေ့တန်းထွက်ရန် ကျေးရွာမှတဆင့်ကြိုတင်ဖြတ်လာကြပါသည်။ တရ--- ကျေးရွာနှင့် ပဇ--- ကျေးရွာသည် ဆိုက်ကယ်ဖြင့် တစ်နာရီကြာမောင်းသွားရပါသည်။










ဤဓာတ်ပုံသုံးပုံကို ၂၀၂၅ ခုနှစ်၊ မတ်လတွင် မြိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ မနိုးရှိဒေသ၊ တရ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ အထက်၌ရှိသောပုံနှစ်ပုံသည် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် တရ--- ကျေးရွာနှင့် ဘေးပတ်ဝန်းကျင်ဒေသသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် ပျက်စီးသွားခဲ့သော ရွာသားများ၏ ကွမ်းပင်များ ဖြစ်ပါသည်။ အောက်ပါဓာတ်ပုံသည် တရ--- ကျေးရွာရှိ ဆေးခန်းအဆောက်အဦး၏ နောက်ဘက်တွင် ကျရောက်ပေါက်ကွဲခဲ့သော လက်နက်ကြီးနှစ်လုံးအနက် တစ်လုံး၏အပိုင်းအစပုံ ဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| ဒေသခံ KNU ခေါင်းဆောင်တစ်ဦးမှ ဤသတင်းအချက်အလက်အား ထုတ်ဝေရန် ကျွန်ုပ်တို့ (KHRG) အား ခွင့်ပြုချက်ပေးခဲ့ပါသည်။ [၎င်းမှထပ်မံရှင်းလင်းသည်မှာ ဒဏ်ရာရှိသောသူများ၏မိဘများမှ ဗမာအာဏာသိမ်းစစ်တပ်၏ ဒေသခံရွာသားများအပေါ်ပြုလုပ်သော အန္တရာယ်ကျရောက်မှုများကို နိုင်ငံတကာအသိုက်အဝန်းအား သိစေလိုသဖြင့် အခြားအဖွဲ့အစည်းများမှ ဤသတင်းအချက်အလက်များကို မှတ်တမ်းပြုစုရန်နှင့် ထုတ်ဝေရန်ရည်ရွယ်ချက်အတွက် KNU အား ခွင့်ပြုချက်ပေးခဲ့ပါသည်။] |

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။